# တော်လှန်မျိုးဆက် မီးရှူးတန်ဆောင် လမ်းကြယ်ခင် ဒီမိုကရေစီမိခင်

( ၆၅-နှစ်ပြည့် ဂါရဝပြုဆောင်းပါး )

မောင်ခင်အေးတင့်(မဒေါက်)

၂၀၁၀ခုနှစ် ဇွန်လ (၁၀)ရက်။




မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီလ ဇွန်(၁၉) ရက်နေ့ဆိုရင် အသက်(၆၅)နှစ် တင်းတင်းပြည့်မြောက်ခဲ့ပါပြီ။ စစ်အာဏာရှင်စနစ်ကို ဖြိုချဖျက်သိမ်းပစ်ဖို့ အားစိုက်ကြိုးပမ်းနေတာလည်း (၂၁) နှစ် ကြာမြင့်ခဲ့ပါပြီ။ ဒီအတွင်း အာဏာသိမ်းစစ်အုပ်စုရဲ့ မတရားဖမ်းဆီး ချုပ်နှောင်ခံရတာလည်း (၁၄) နှစ်ကျော်ခဲ့ရပါပြီ။

သူ့ရဲမွေးနေ့ကို ကမ္ဘာ့လူသားတယောက်လို လူသားပီသစွာ၊ လွတ်လပ်ငြိမ်းချမ်းပျော်ရွှင်စွာ ကျင်းပခဲ့ရတယ်လို့ မရှိခဲ့ရဘဲ စစ်အာဏာရှင်စနစ်ရဲ့ အနိဋ္ဌာရုံဆိုးကျိုးတွေကိုသာ လူမျိုးစုံပြည်သူလူထုတရပ်လုံးနဲ့အတူ ခါးစည်းရင်ခံ ရင်ဆိုင်ဖြတ်သန်းနေခဲ့တာပါ။ ဒီကနေ့ထက်တိုင်လည်း သန်း(၅၈)သော ပြည်သူတွေနဲ့အတူ မားမတ်ရပ်တည် စစ်အာဏာရှင်ကို ရဲဝံ့ အံတု ဗီဆန်တိုက်ပွဲဝင်နေဆဲပါပဲ။

အမှန်တရားအတွက် မတရားမှုအတွက် ဘယ်သောအခါမှ နောက်ဆုတ် အရှုံးပေးမယ့်သူလည်း မဟုတ်သလို နိုင်ငံရေးသီလနဲ့ ကိုယ်ကျင့်သိက္ခာအတွက် ဘယ်အရာနဲ့မှ ဘယ်တော့မှ အလဲအလှယ်ပြုမယ့် သူမျိုးလည်းမဟုတ်ဘူးဆိုတာ လက်တွေ့ စွန့်လွှတ်ပေးဆပ်မှုတွေ က အခိုင်အမာ ပြောပြနေပါတယ်။

သူ့ရဲ့ပိုင်ဆိုင်မှုမှန်သမျှကို စွန့်လွှတ်ပေးဆပ်ထားပြီးသားဖြစ်သလို အသက်ဝိညာဉ်နဲ့ ကိုယ်ကျိုးစွန့်ဖို့ကိုလည်း နောက်မတွန့် ကြိုတင် ပြင်ဆင်လေ့ကျင့်ထားသူလည်း ဖြစ်ပါတယ်။ တိုင်းပြည်နဲ့လူမျိုးအတွက်၊ အဖိနှိပ်ခံလူမျိုးအားလုံးအတွက် ဘာမဆို ရင်ဆိုင်ဝံ့တဲ့ စွန့်လွှတ်ဝံ့တဲ့ အာဇာနည် အမျိုးသမီးကြီးတယောက်ဆိုလည်း မှန်ပါလိမ့်မယ်။ ဖအေတူသမီးမို့ ဖအေ့သွေးပြတာလို့လည်း ပြောနိုင်မယ် ထင်ပါတယ်။

ဖခင်ဖြစ်တဲ့ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း သွန်သင်ပေးခဲ့တဲ့ စကားကို မြေဝယ်မကျ နားထောင်တတ်တဲ့ သမီးလိမ္မာ တဦးလို့လည်း ပြောရမယ်ထင်ပါတယ်။ အာဂ အမျိုးသမီးကြီးပါတကား။

လောကကြီးမှာ ကြောက်စရာ ဘာမှမရှိဘူး၊ အေး မမှန်တာပြောဖို့ကို ကြောက်ရမယ်၊ မတရားတာ မဟုတ်တာလုပ်ဖို့ကို ကြောက်ရမယ်၊ ဒီနှစ်မျိုးကလွဲရင် လောကမှာ ကြောက်စရာ ဘာတခုမှမရှိဘူးလို့ ဖခင်က သင်ကြားသွန်သင်ခဲ့တယ် မဟုတ်ပါလား။ အခု တကယ့်ကို ဖခင်မှာကြားခဲ့တဲ့အတိုင်း ဦးဆွေးဆံမြည့် လျှောက်လှမ်းနေတာပဲ မဟုတ်ပါလား။ အာဇာနည်မျိုးရိုး ပီသလှပါတယ်။ ပုလဲလုံးက အရောင်ထွက်သလို ဂုဏ်ကျက်သရေနဲ့ ပြည့်စုံကုံလုံလှပါတယ်။ အတုယူ အားကျဖွယ်ကောင်းလှပါပေတယ်။

အသည်းနာစရာ ကောင်းတာကတော့ ဖခင်ဗိုလ်ချုပ် ဦးစီးတည်ထောင်ခဲ့တဲ့ တပ်မတော်ကြီးက အာဏာရှင် စစ်ဗိုလ်ချုပ်တစုရဲ့ ခါးပိုက်ဆောင်တပ်အဖြစ် အသုံးချခံနေပြီး မြန်မာ့ဒီမိုကရေစီသူရဲကောင်း၊ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်၊ ပြည်သူ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထိန်းသိမ်း အကျဉ်းစံဘဝအဖြစ် ချုပ်နှောင်ထားတာကိုပါပဲ။



ဒါပေမဲ့ ဒီမိုကရေစီ မိခင်ကြီးကတော့ တည်ငြိမ်ရင့်ကျက်စွာနဲ့ တိုင်းပြည်ကို စစ်အာဏာရှင်စနစ်အောက်က လွတ်မြောက်စေဖို့ အကြမ်း မဖက် နလုံးရည်တိုက်ပွဲနည်းလမ်းနဲ့ ပြည်သူလူထုကြီးကို ဦးဆောင်ပြီး ကြိုးပမ်းအားထုတ် ရုန်းကန်တိုက်ပွဲဝင်နေဆဲပါ။ နောက်ဆုံးတော့ အမှန်တရားက ပြည်သူလူထုကြီးနဲ့အတူ အောင်ပွဲခံသွားမယ်ဆိုတာ ရာဇဝင်သမိုင်းတွေက သက်သေပါပဲ။

တောင်အာဖရိက လူမည်းခေါင်းဆောင် နယ်လ်ဆင်မဲင်ဒဲလားလို လူဖြူအစိုးရအောက်က လူမည်းပြည်သူလူထုကြီး လွတ်မြောက်ဖို့ မိမိရဲ့ ခန္ဓာအသက်ကို အကျဉ်းထောင်ထဲမှာ ဆယ်စုနှစ်(၃)ခုနီးပါး စတေးပေးဆပ်ခဲ့ရသလို မြန်မာပြည်သူလူထုတရပ်လုံး စစ်အာဏာရှင်ရဲ့ စစ်သံချွာဖိနပ်အောက်က လွတ်မြောက်ဖို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ကလည်း အလားတူ အကျဉ်းစံဘဝနဲ့ အသက်စတေးနေဆဲပါ။ နောက်ဆုံးတော့ အကြမ်းမဖက် နလုံးရည်တိုက်ပွဲကသာ အကြမ်းဖက်တဲ့ အုပ်ချုပ်သူအစိုးရတွေကို အနိုင်ယူအောင်မြင်ပြီး အာဏာရှင် စနစ်ကို နိဂုံးချုပ်စေခဲ့တာပဲ မဟုတ်ပါလား။

အာဏာရှင်တို့ရဲ့ ပင်ကိုဗီဇအတိုင်း အာဏာရှင်စစ်အုပ်စုက ပြည်သူ့ခေါင်းဆောင်ကို အကြိမ်ကြိမ် လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားခဲ့ပါတယ်။ အထင်ပေါ်ဆုံးကတော့ လွန်ခဲ့တဲ့(၇)နှစ် ၂၀၀၃ခုနှစ် မေလ(၃၀)ရက်နေ့က ဒီပဲယင်း လုပ်ကြံမှုကြီးလို့ ကင်ပွန်းတပ်အခေါ်ခံရတဲ့ တဖက်သတ် နိုင်ငံရေးသတ်ဖြတ်မှုကြီးပါပဲ။

တကယ်ကတော့ နိုင်ငံတော်ကိုယ်တိုင်က ကြိုးကိုင်စီစဉ်တာမို့ နိုင်ငံတော်လုပ်ကြံမှုကြီးလို့ ခေါ်ရမှာဖြစ်ပါတယ်။ ကံကောင်းထောက်မ စွာပဲ အသက်ဘေးက သီသီလေး လွတ်မြောက်ခဲ့ရသလို စစ်အုပ်စုရဲ့ ကောက်ကျစ်စဉ်းလဲမှုကို ကမ္ဘာက မြင်တွေ့ကြားသိသွားခဲ့ပါတယ်။
အဲဒီအချိန်ကတည်းက ဒီကနေ့အချိန်ထိ မတရားဖမ်းဆီး ချုပ်နှောင်ခံနေရတာပါပဲ။ ပြစ်ဒဏ်စေ့လို့ လွတ်ရက်ရောက်ပြန်တော့လည်း စစ်အာဏာရှင်အုပ်စုက နည်းမျိုးစုံနဲ့ အကွက်ဆင်အမှုချပြီး ဆက်လက် ဖမ်းဆီးထားပြန်ပါတယ်။ ဒါကိုကြည့်ရင် စစ်ဝါဒီ အကြမ်းဖက် သမားတွေဟာ အကြမ်းမဲ့နလုံးရည်သမား ပြည်သူ့ခေါင်းဆောင် အမျိုးသမီးကြီးကို ဘယ်လောက်တောင် ကြောက်ရွံ့တယ်ဆိုတာ သိမြင် နိုင်ပါတယ်။



ပြည်သူ့ခေါင်းဆောင် အမျိုးသမီးကြီးကတော့ အမှန်တရားနဲ့ တရားမျှတမှုအတွက် ဖခင်ဗိုလ်ချုပ်ရဲ့ စကားကို မြေဝယ်မကျ နားထောင် မကြောက်တရားကို ဆုပ်ကိုင်ပြီး ပြည်သူ့ရှေ့က မားမားမတ်မတ် ရပ်တည်ပြီး မဆုတ်မနစ် တိုက်ပွဲဝင်နေလျှက်ပါပဲ။
ဒီ့အတွက်ကြောင့်လည်း နိုင်ငံတကာအသိုက်အဝန်းက ဂုဏ်ပြုချီးမြှင့်ပေးအပ်တဲ့၊ အင်မတန် လေးနက် ခိုင်ကျည်တဲ့ အဓိပ္ပါယ်သက်ရောက်တဲ့ အမျိုးမျိုးသော ဆုတံဆိပ်ပေါင်း(၄၇)ခုကို လက်ခံရရှိထားတာ ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်လို တိုင်းပြည်နဲ့လူမျိုးအတွက် ဒီမိုကရေစီရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံ လုပ်ဆောင်နေတဲ့သူတိုင်းကို ချီး မြောက်ဂုဏ်ပြုတဲ့သဘောဖြစ်သလို ရှေ့ကို ဆက်လက်တိုက်ပွဲဝင်နိုင်ဖို့ စိတ်ခွန်အားကိုဖြစ်စေတဲ့ အထိမ်းအမှတ် သင်္ကေတတွေပါပဲ။

မဆုတ်မနစ် ဖွဲလုံ့လနဲ့ ကြိုးပမ်းအားထုတ်နေမှုကို အလေးအနက် အသိအမှတ်ပြု ထောက်ခံပါတယ်။ မြန်မာပြည်သူတွေနဲ့အတူ ရှိနေပါ တယ်၊ ဆက်လက်တိုက်ပွဲဝင်သွားပါ၊ တနေ့ကျရင် အမှန်တရားက အောင်ပွဲခံ အနိုင်ရစမြဲပါလို့ နိုင်ငံတကာအသိုင်းအဝန်းက သတင်း စကား ပါးနေတာပဲ မဟုတ်ပါလား။

ဒီမိုကရေစီမိခင်ကြီးသာ အပြင်မှာရှိနေခဲ့ရင် သူ့ရဲ့ အသက်(၆၅)နှစ်မြောက်မွေးနေ့မှာ စစ်အာဏာရှင်စနစ်ရဲ့ ခါးသည်းလှတဲ့ ဒုက္ခမျိုးစုံကို ရာ စုဝက်နီးပါး ရင်ဆိုင်ခံစားနေရတဲ့ အဖိနှိပ်ခံပြည်သူလူထုကြီးကို မွေးနေ့လက်ဆောင် စကားပါးလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

ကိုယ့်ရဲ့လွတ်မြောက်မှုအတွက် ကိုယ်ကိုယ်တိုင် မကြောက်တရားကို တည်ဆောက်ပြီး တိုက်ပွဲဝင်ကြပါ။
ကြောက်နေမယ်ဆိုရင် တသက်လုံး ကြောက်နေကြရမှာပါ။ အကြောက်တရားအောက်မှာ မပိနေပါစေနဲ့။ ဒီအချိန်မှာ ကြောက်ပြီးတော့ လုပ်သင့်သလောက် မလုပ်ခဲ့လို့ရှိရင် နောက်ဆက်ပြီးတော့ ကြောက်နေရတဲ့စနစ်ကို ရှင်သန်အောင် လုပ်ပေးသလို ဖြစ်သွားပါလိမ့်မယ်။

အမှန်တရားအတွက်၊ တရားမျှတမှုအတွက်၊ ကိုယ်ကျင့်သိက္ခာပိုင်းအတွက် လူတိုင်းအားလုံးမှာ တာဝန်ရှိကြပါတယ်။
မမှန်တာ မတရားတာတွေအတွက် ရင်ဆိုင်အံတုရဲတာဟာ လုပ်သင့်လုပ်ထိုက်တဲ့ မွေးရာပါ တာဝန်ဝတ္တရားတခုကို ထမ်းဆောင်တာ ဖြစ်သလို သတ္တိကို ပျိုးထောင်မွေးမြူခြင်းလည်း မည်ပါတယ်။ ဒီကနေမှ အလေ့အကျင့်အဖြစ် ရောက်ရှိသွားပြီး သတ္တိစိတ် ဖြစ်ပေါ်လာ တာပါ။

ထပ်ခါထပ်ခါ အပြန်ပြန် လေ့ကျင့်တည်ဆောက်ခြင်းကနေ သတ္တိစိတ်ကို မွေးမြူကြပါ။ အဲဒီကမှ ဆက်ကာဆက်ကာ အဆင့်ဆင့်ကနေ မကြောက်တရား ဖြစ်ပေါ်လာမှာပါ။ မိမိကိုယ်တိုင်ကကို မကြောက်တရားကို လေ့ကျင့်ပျိုးထောင် တည်ဆောက်သွားမယ်ဆိုတဲ့ ပြင်းပြတဲ့ ဆန္ဒ၊ အာသီသရှိဖို့က အဓိက အခရာကျပါတယ်။ ကိုယ့်ဟာကို လုပ်ယူရမှာသာ ဖြစ်ပါတယ်။ ကိုယ့်ဟာကို သံဓိဋ္ဌာန်ချ ပိုင်းဖြတ်ချက်ချ ရမှာ ဖြစ်ပါတယ်။

အကြိမ်ကြိမ် လေ့ကျင့်တည်ဆောက်ယူခြင်းကသာ အကြောက်တရားစိတ်ကို အောင်မြင်ကျော်လွှားနိုင်မှာပါ။ ခိုင်ခံ့တည်ကြည်မှု ဖြစ်ပေါ်လာမှာပါ။ အမှန်တရားအတွက်၊ တရားမျှတမှုအတွက် မကြောက်တရားရှိလာခြင်း ဖြစ်ပေါ်လာခြင်းဟာ မိမိတို့ရောက်ချင်တဲ့၊ သွားချင်တဲ့ ပန်းတိုင်ကို ဆွဲခေါ် တွန်းတင်ပေးသွားမဲ့ စွမ်းအင် ရရှိလာခြင်းပါပဲ။ ဘာမှမလုပ်ဘဲနဲ့တော့ ဘာမှကိုဖြစ်လာစရာ အကြောင်းမရှိပါဘူး။

ကိုယ်မလုပ်လည်း သူများလုပ်ပါလိမ့်မယ်။ ကိုယ်ကတော့ နောက်မှလုပ်မယ်ဆိုတဲ့ အတွေးအခေါ်မျိုးဟာ စစ်ကျွန်ဘဝကို သက်ဆိုးရှည်စေမယ့် အချောင်သမားစိတ်သာ ဖြစ်ပါတယ်။ အဲဒါကြောင့် လူတိုင်းလူတိုင်းဟာ ကိုယ့်ဘဝလွတ်မြောက်ရေး ကိုယ်ကိုယ်တိုင် ကြိုးပမ်း အားထုတ် တိုက်ပွဲဝင်ကြပါ..... ဆိုတဲ့ ဒီကနေ့ကာလ လိုအပ်ချက်ကို တိုက်တွန်းမှာကြားလိမ့်မယ် ထင်ပါတယ်။

သူ့ရဲ့ အားအကောင်းဆုံး အဓိကအချက်ကလည်း မကြောက်တရားကို ပိုင်ဆိုင်ဆုပ်ကိုင် ထားနိုင်တာပါပဲ။ ထိပ်ဆုံးကရှိနေတဲ့ တရား လည်းပဲ ဖြစ်ပါတယ်။ တကယ့် အရေးကြီးဆုံးဘဝ လောကအမြင်၊ ဘဝဒဿနလည်း ဖြစ်ပါတယ်။




ဒေါ်အပြင် ဖွဲသတ္တိရှိတယ်၊ ကြီးမားတဲ့ ဉာဏ်ပညာရှိတယ်၊ ရဲစွမ်းသတ္တိ ရှိတယ်၊ တာဝန်သိမှုတွေ ရှိတယ်၊ စည်းကမ်းရှိမှုတွေ ရှိတယ်။ ဒါတွေဟာ အလွန်အရေးကြီးတဲ့ စိတ်ဓါတ်သတ္တိတွေ ဖြစ်ပါတယ်။
နောက် ဒုတိယ အရေးကြီးဆုံး အကြီးမားဆုံး စိတ်ပိုင်းဆိုင်ရာသတ္တိက အနစ်နာခံခြင်းနဲ့ စွန့်လွှတ်ခြင်းပါပဲ။ အားလုံးသိကြတဲ့အတိုင်း သူ့ရဲ့ ကိုယ်ရေးကိုယ်တာ အကုန်လုံး စွန့်လွှတ်ထားတယ်၊ ဘဝတခုလုံး ဒီမှာ မြှုပ်နှံထားတယ်။
အဲဒါကြောင့်ပဲ သူ့ထက်ဝါရင့်တဲ့ ပုဂ္ဂိုလ်ကရော ဝါနုတဲ့ ပုဂ္ဂိုလ်ကရော၊ အသက်ကြီးတဲ့ ပုဂ္ဂိုလ်ကရော၊ အသက်ငယ်တဲ့ ပုဂ္ဂိုလ်ကရော၊ တိုင်းသူပြည်သားအားလုံးကရော၊ ဒေါ်အပြင်ကို ကမ္ဘာကပါ ထောက်ခံနေ ဝိုင်းဝန်းနေ ဝန်းရံနေကြတာ ဖြစ်တယ်လို့ အရင် ဟံသာဝတီ သတင်းစာ အယ်ဒီတာချုပ် ဆရာကြီးဦးဝင်းတင်က မနှစ်(၆၄)နှစ်မြောက်မွေးနေ့မှာ စာလုံး ၆၄ လုံး သဝဏ်လွှာနဲ့ ဂုဏ်ပြုစပ်ဆို ရေးဖွဲ့ ခဲ့တာကို ပြန်လည်ဖော်ပြရင်း...
စစ်အာဏာရှင်စနစ်ကို မြန်မာ့မြေပေါ်မှ အပြီးတိုင် မောင်းထုတ်ပစ်ဖို့ ကြိုးပမ်းတိုက်ပွဲဝင်နေကြတဲ့ ဒီမိုကရေစီရေး နိုင်ငံရေးအင်အားစုများ အားလုံးကလည်း ပြည်သူ့ခေါင်းဆောင်ရဲ့နောက်မှာ တညီတညွတ်တည်း အောင်ပွဲရသည်အထိ သွေးစည်းစွာ မဆုတ်မနစ် လိုက်ပါဝန်းရံ

တိုက်ပွဲဝင်သွားကြမှသာ ဒီကနေ့ မြန်မာ့နိုင်ငံရေး အပြောင်းအလဲကို မုချ ဖြစ်ပေါ်စေမှာ ဖြစ်တယ်ဆိုတာ သတိပေးနှိုးဆော်ရင်း လာမယ့် ဇွန်(၁၉)ရက်မှာ ကျရောက်တဲ့ အသက်(၆၅)နှစ်ပြည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် အမေစုကို ရိုသေကိုင်းရှိုင်းစွာ ဦးညွှတ်ဂါရဝပြုလိုက်ရကြောင်းပါ။

- ***အမေစု*** *အသက်ရာကျော် ရှည်ပါစေသော်။*
- *ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းချမ်းမြေ့ပါစေသော်။*
- *လူမျိုးစုံပြည်သူတရပ်လုံးနဲ့အတူ မားမတ်ခိုင်ကြည်စွာ ဆက်လက်ရပ်တည်၍ စစ်အာဏာရှင်စနစ်ကို မုချ ဖျက်သိမ်းနိုင်ပါစေသော်။*